## ဆရာကြီးရွှေဥဒေါင်း၏ ပင်တိုင်ဇာတ်ကောင်များနှင့် ပတ်သက်၍

ဆရာကြီးရွှေဥဒေါင်းသည် ပင်တိုင်ဇာတ်ကောင်များမွေး၍ ဝတ္ထုတိုများ ရေးသားခဲ့လေသည်။ ယင်းတို့မှာ စုံထောက်မောင်စံရှား၊ ဂျာမဒါ ကိုကိုကြီး၊ ဇော်ဟိတ်၊ သူတော်စိန်၊ ဒဂုံတင့်၊ ဒေါက်တာသောင်းထိုက်နှင့် ဓားပြဗိုလ်ကြီး ဗိုလ်မိုးသီးတို့ ဖြစ်သည်။

စုံထောက်မောင်စံရှားမှာ 'ဆာအာသာကွန်နင်ဒွိုင်း၏ Sherlock Holme ဝတ္ထုများကို မြန်မာမှုပြုခဲ့ခြင်း ဖြစ်သည်။ မှီး၍ ရေးသားခဲ့သော ဝတ္ထုများနှင့် ပတ်သက်၍ ဆရာကြီး ရွှေဥဒေါင်းက 'တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ' တွင် အောက်ပါအတိုင်း ရေးသားခဲ့လေသည်။

'၁၉၁၇ ခုနှစ် မတ်လထုတ် ပထမဦးဆုံး သူရိယမဂ္ဂဇင်းတွင် ကျွန်ုပ်၏ (မောင်သိန်းတင်နှင့် မသိန်းရှင်) ဝတ္ထုတိုတစ်ပုဒ် ထည့်သွင်းပြီးနောက် တိုက်အုပ် ဦးလှဖေက ရှားလော့ဟုမ်း (Sherlock Holme) ၏ စုံထောက်ဝတ္ထုများကို မှီးပြီး မြန်မာဝတ္ထုရေးရန် အကြံပေးသည့်အလျောက် ဧပြီလထုတ် သူရိယမဂ္ဂဇင်းတွင် (စုံထောက်မောင်စံရှား) ဝတ္ထု ရှေးဦးစွာ ပေါ်ထွက်လာပါတော့သည်။ ထိုစဉ်ကမူ အင်္ဂလိပ်စာတတ်သူ ယခုထက် ရှားသေးသည့်အထဲတွင် ဝတ္ထုဖတ်သူများလည်း အလွန်နည်းပါးကြသေးရကား မောင်စံရှား ဝတ္ထုမျိုး ဖတ်ရသူတို့က မောင်စံရှားသည် ရွှေဥဒေါင်း၏ စိတ်ကူးဖြင့် ရေးသားခြင်းဖြစ်သည်ဟု မှတ်ထင်ကြ၏။ မောင်စံရှား ဝတ္ထုကိုလည်းကောင်း၊ ရတနာပုံ ဝတ္ထုကိုလည်းကောင်း အကြောင်းပြု၍ ရွှေဥဒေါင်းအား ချီးကျူးစကားပြောသူများကို ကျွန်ုပ်ကြားရသည့်အခါ ရန်ကြီးအောင်ဝတ္ထုကို ချီးကျူးခြင်းကဲ့သို့ ကျွန်ုပ် ဂုဏ်မယူမိခြင်း မှန်ပါသည်။ အချို့သော အင်္ဂလိပ်စာတတ်များကမူ ကျွန်ုပ်အား (Plagiarism) ခိုးချသည်ဟု နှိပ်နှိပ်နယ်နယ် စွပ်စွဲချင်ကြပါ သည်။ ခိုးချခြင်းဟူသည်မှာ လူမသိအောင် တစ်ကွက်တလေ ခိုးချခြင်းမျိုးကို ဆိုလို၍ အနောက်တိုင်းပြည်များ ၌ အကြီးအကျယ် ရှုတ်ချခြင်းဖြစ်ပါသည်။ မောင်စံရှား အစရှိသော ကျွန်ုပ်၏ ဝတ္ထုများမှာ တစ်နည်းအားဖြင့် ဘာသာပြန်မှုသာဖြစ်ရာ တိုက်ရိုက်ပြန်ခဲ့လျှင် နုနယ်သေးသော မြန်မာစာဖတ်ပရိသတ်အဖို့၌ စိတ်ဝင်စားမှု နည်းပါးလိမ့်မည်ဟု သိရှိရသောကြောင့် (မှီး) ရုံသဘောမျိုးဖြင့် ရေးသားခြင်းဖြစ်ပါသည်။ ဤခေတ်တွင် စာဖတ်သူပေါများလာသဖြင့် (မှီး) ခြင်းထက် တိုက်ရိုက်သက်သက်ပြန်ခြင်းသည် သာ၍ သင့်လျော်သည် ဆိုချင် ဆိုနိုင်သော်လည်း လွန်ခဲ့သော နှစ်ပေါင်း ၄၀ ကျော် အချိန်ကမူ (မှီး)သော ဝတ္ထုမျိုးကိုပင် (တိုက်ရိုက် ဘာသာပြန်ခြင်းထက်) ပို၍ ဖတ်ချင်ကြပါသည်။ (မှီး) သောအလုပ်သည် စာရေးဆရာအတွက် အားသာသည်ကား မှန်ပါသည်။ နောက်ပေါက် စာရေးဆရာလေးများသည် ရှေးလူများ စားသာခြင်းကို မနာလိုကြသည့် လက္ခဏာနှင့် တောင်ကော်မြောက်ကော် ကလော် ရေးသားခြင်းမျှသာ ဖြစ်ဟန်တူပါသည်။ ကျွန်ုပ်သည်လည်းကောင်း၊ ကျွန်ုပ်နောက်၌ (မှီး) ကြသော စာရေးဆရာများသည်လည်းကောင်း မိမိတို့ (မှီး)သော ဝတ္ထုစာအုပ်များ အောင်မြင်မှုကြောင့် လက်မထောင်ရဲကြသည် မဟုတ်ပါ။ သူများထက် အလျင်မွေး၍ စားလိုက်ရပေသည်ဟူ၍သာ အောက်မေ့ကြပါသည်။

ဆရာကြီး ရွှေဥဒေါင်းသည် စာပေနယ်သို့ ရောက်လာပုံမှာ စိတ်ဝင်စားစရာကောင်းလေသည်။ ဝက်လက်သို့ ဒုတိယ အိမ်ထောင်နှင့် ရောက်လာပြီး ညီဖြစ်သူ၏ စာသင်ကျောင်းတွင် ကူညီ၍ စာသင်ပေးခဲ့သည်။ မိဘများနှင့် အတူ နေထိုင်နေစဉ် တစ်နေ့၌ ဆရာကြီး ရွှေဥဒေါင်းသည် ဇနီးနှင့် ညီဖြစ်သူတို့အား ဝတ္ထုတစ်ပုဒ်ကို ပြောပြပြီး သွားသည့်အခါ ၎င်းတို့နှစ်ယောက်က ဤမျှလောက် ဝတ္ထုများဖတ်ထားသဖြင့် ကိုယ်ပိုင်စိတ်ကူးဖြင့် ဝတ္ထုတစ်ပုဒ် ရေးသားရန် တိုက်တွန်းကြလေသည်။ ထိုစဉ်အခါက မြန်မာစာပေလောကတွင် ဣန္ဒာဝံသ၊ ဝိဇယကာရီဝတ္ထုများ၊ ချဉ်ပေါင်ရွက်သည် မောင်မှိုင်းနှင့် မန္တလေး မောင်ခင်မောင် အမည်နှင့် လယ်တီပဏ္ဍိတ ရေးသော ခင်မြင့်ကြီး ဝတ္ထုတွဲလောက်သာ ရှိသေးသည်။ ဆရာကြီး ရွှေဥဒေါင်းသည် လူ့သဘာဝကို အသေးစိတ် တင်ပြသော ဝတ္ထုမျိုး (Novel) မဟုတ်ဘဲ ချစ်ခန်း၊ ကြိုက်ခန်း၊ စွန့်စားခန်းမှ စ၍ အသည်းတုန်အူတုန် ဖြစ်စေလောက်သည့် အဖြစ်အပျက်များ ပါဝင်သည့် ဝတ္ထုမျိုး (Story) ရေးသားရလျှင် မိမိလည်း တတ်နိုင်လောက်သည်။ မြန်မာပရိသတ်ကလည်း လက်ခံလိမ့်မည်ဟု စိတ်ကူးမိလေသည်။

ဤသို့နှင့် ဆရာကြီး ရွှေဥဒေါင်းသည် (ရန်ကြီးအောင်) ဝတ္ထုကို ၁၉၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် စတင်ရေးသားခဲ့ရာ ဇာတ်လိုက် မနှင်းမြိုင်အား ကာလသားလေးယောက်က အလောင်းအစားပြုကာ လုပ်ကြံလုပ်ကြသော အဖြစ်အပျက်မှတပါး ကျွန်ုပ်၏ စိတ်ကူးဖြင့် ဇာတ်ကွက်ဆင်ထားခြင်း ဖြစ်သည်။ လေးယောက် သဘောတူ လုပ်ကြံလုပ်ကြသော အဖြစ်အပျက်မှာ (လန်ဒန်မြို့ကြီး၏ အရှုပ်တော်ပုံကြီး) ဝတ္ထုကြီးမှ ယူခြင်းဖြစ်သော်လည်း လုပ်ကြံ လုပ်ပုံလုပ်နည်းတို့မှာ ဆရာကြီး၏ စိတ်ကူးစိတ်သန်းဖြင့် ရေးသားခဲ့ခြင်း ဖြစ်သည်။

၁၅ ရက်ခန့် ရေးမိသောအခါ ဆရာကြီး၏ မိဘများ၊ ဇနီးနှင့် ညီတို့သည် ရေးပြီးသမျှကို ဖတ်ချင်ကြလေသည်။ ညီဖြစ်သူက ပြီးသမျှကို ယူဖတ်ပြီး အလွန်ကောင်းသည်ဟု ချီးမွမ်းလေရာ မိဘများလည်း သိချင်ကြလေသည်။ သို့ဖြစ်၍ ဝက်လက်တွင် နေထိုင်လျက်ရှိကြသော ဦးလေးများ၊ အရီးများ၊ ညီများ၊ နှမများကို အားလုံး စုရုံးခေါ်ပြီး ညီက ဖတ်ပြရာ အားလုံးက လက်ဖက်ရည်ကြမ်းဝိုင်းဖြင့် နားထောင်ကြလေသည်။ ဤသို့နှင့် စာအရှည်ကြီး ရေးသားခြင်းမှာ ပထမအကြိမ် ဖြစ်သော်လည်း ဖူးစကတ် စာမျက်နှာ ၁၄၀ ကျော်ရှိသော (ရန်ကြီးအောင်) ဝတ္ထုကို ရေးသားပြီးစီးခဲ့လေသည်။

၁၉၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့တွင် (ရန်ကြီးအောင်) ဝတ္ထုကို အချော ရေးကူးပြီးခဲ့လေသည်။ လယ်ယာစိုက်ပျိုးရေးဌာနဘက်တွင် အမှုထမ်းစဉ်က သူရိယ ဦးဘဖေ အကြောင်းကို ကြားသိခဲ့ရဖူးသဖြင့် ဆရာကြီး ရွှေဥဒေါင်းသည် မြန်မာဝတ္ထုများ အခြေအနေအကြောင်းကို စာရှည်ကြီး တစ်စောင်ရေး၍ သူရိယ ဦးဘဖေထံသို့ ဝတ္ထုနှင့် အတူ တွဲ၍ ပေးပို့လိုက်လေသည်။ ဆရာကြီး ရွှေဥဒေါင်းသည် ဝတ္ထုအား အပျော်ရေးခြင်း မဟုတ်ဘဲ သက်မွေးဝမ်းကျောင်းအတွက် ရည်ရွယ်ချက်ဖြင့် ရေးသားခဲ့ခြင်းဖြစ်သဖြင့် အရေးကြီးလှသည်ဟု ခံယူထားလေသည်။ တစ်လကြာသည့်အခါ လက်ခံရရှိပါသည်ဟူသော စာမှတပါး အဆုံးအဖြတ်ကို မသိရသေးပေ။ သုံးလခန့်ကြာသည့်အထိ အကျိုးအကြောင်း မသိရသေးသဖြင့် စိတ်ပူပန်လျက်ရှိနေရာမှ စိတ်ပျက်စပြုလာခဲ့သည်။ သို့သော် မေလ ၆ ရက်နေ့တွင် သူရိယတိုက်မှ စာပြန်လာ၍ ငွေ ၁၀၀ိ/နှင့် ဝယ်ယူလိုကြောင်း သိရလေသည်။

၎င်းနှစ် မေလကုန်လောက်တွင် ဆရာကြီးရွှေဥဒေါင်းတို့ လင်မယားသည် ဝက်လက်မှ ရန်ကုန်သို့ ဆင်းလာခဲ့လေသည်။ ပြောင်းရွှေ့လာရခြင်း၏ ရည်ရွယ်ချက်မှာ ဝတ္ထုရေးသမားတစ်ယောက်အဖို့ ရန်ကုန်မြို့ကြီးသည် တောမြို့ကလေးထက် အပေါက်အလမ်းပွင့်၍ မျှော်လင့်စရာများသည်ဟု တွက်မိသောကြောင့် ဖြစ်သည်။ ထို့နောက် သူရိယဦးဘဖေနှင့် သွားရောက်တွေ့ဆုံခဲ့ရာမှ ဦးဘဖေက East Lynn ဝတ္ထုကို မှီး၍ ရေးရန် အကြံပေးလိုက်သည်နှင့် ရေးသားခဲ့ရာ (ရတနာပုံ) ဝတ္ထု ဖြစ်လာခဲ့လေသည်။

ဤသို့နှင့် ဆရာကြီး ရွှေဥဒေါင်းသည် ၁၉၁၇ ခုနှစ်၊ ဖေဖော်ဝါရီလတွင် သူရိယမဂ္ဂဇင်း အယ်ဒီတာ ဖြစ်လာခဲ့လေသည်။ သူရိယတိုက်အုပ် နှစ်ယောက်ဖြစ်သည့် ဦးဘဖေနှင့် ဦးလှဖေတို့က ဆရာကြီး ရွှေဥဒေါင်း၏ လက်စွမ်းလက်စကို တွေ့ရသဖြင့် သူရိယမဂ္ဂဇင်းထုတ်ရန် စိတ်ကူးမိကြသည်။ ထို့ကြောင့် ပထမဆုံး ထုတ်ဝေသော သူရိယမဂ္ဂဇင်း အတွဲ ၁ အမှတ် ၁ (မတ်၊ ၁၉၁၇) ကို စတင်ထုတ်သည့်အခါ ဆရာကြီး ရွှေဥဒေါင်း၏ (မောင်သိန်းတင်နှင့် မသိန်းရှင်) ဝတ္ထုကို ဖော်ပြခဲ့လေသည်။ ထိုဝတ္ထုမှာ မြန်မာစာပေလောကတွင် (ပထမဦးဆုံး ဝတ္ထုတို) ဖြစ်သည်။ ထိုနောက်ပိုင်းတွင် သူရိယမဂ္ဂဇင်း၌ ဆရာကြီးရွှေဥဒေါင်းသည် (စုံထောက်မောင်စံရှား) ဝတ္ထုများကိုလည်းကောင်း၊ (ဂျာမဒါ ကိုကိုကြီး) ဝတ္ထုများကိုလည်းကောင်း စဉ်ဆက်မပြတ် ရေးသားခဲ့လေသည်။

ဆရာကြီး ရွှေဥဒေါင်းသည် မြန်မာစာပေလောကတွင် လျှို့ဝှက်ဆန်းကြယ် (Mystrey) ဝတ္ထုများကိုလည်း စတင်ရေးသားခဲ့သူဖြစ်ပြီး ထိုဝတ္ထုများကိုလည်း သူရိယမဂ္ဂဇင်းတွင် ရေးသားခဲ့လေသည်။ ဆရာကြီး ရွှေဥဒေါင်းသည် ပင်တိုင်ဇာတ်ကောင်များ ဖန်တီး၍ ဝတ္ထုများရေးသားခဲ့ရာ ထိုဝတ္ထုများမှာ စုံထောက်မောင်စံရှား၊ ဂျာမဒါ ကိုကိုကြီး၊ ဇော်ဟိတ်၊ သူတော်စိန်၊ ဒဂုံတင့်နှင့် ဓားပြဗိုလ်ကြီး ဗိုလ်မိုးသီးတို့မှာ ထင်ရှားလေသည်။

စုံထောက်မောင်စံရှားမှာ ဆာအာသာကွန်နင်ဒွိုင်း၏ စုံထောက် ရှားလော့ဟုမ်း ဖြစ်ပြီး ဂျာမဒါကိုကိုကြီးမှာလည်း ဆာအာသာကွန်နင်ဒွိုင်း၏ Brigadier Gerard ဝတ္ထုများ ဖြစ်လေသည်။ ဇော်ဟိတ် ဝတ္ထုများကို ဆရာကြီးရွှေဥဒေါင်းသည် စစ်မဖြစ်မီက (ကြီးပွားရေးမဂ္ဂဇင်း) တွင် စတင်ရေးသားခဲ့ပြီးနောက် စစ်ပြီးခေတ်တွင် ရှုမဝမဂ္ဂဇင်း၊ သွေးသောက်မဂ္ဂဇင်းတို့တွင် ရေးသားခဲ့လေသည်။ ဇော်ဟိတ်ဝတ္ထုများမှာလည်း အများစုမှာ Sapper အမည်ခံ အင်္ဂလိပ်စာရေးဆရာကြီး H.C Mc Neile ၏ ဝတ္ထုများကို မှီး၍ ရေးခဲ့ခြင်း ဖြစ်သည်။ အခြား ဇော်ဟိတ်ဝတ္ထုများမှာလည်း အမှီးဝတ္ထုများ ဖြစ်သည်။

ဆရာကြီး ရွှေဥဒေါင်းသည် နဂါးနီစာအုပ်တိုက်မှ တိုက်တွင် ရေးခိုင်းခဲ့သဖြင့် (ဒေါက်တာသောင်းထိုက်) ကို ရေးသားခဲ့လေသည်။ (ဒေါက်တာ သောင်းထိုက်) ပထမတွဲကို နဂါးနီစာအုပ်တိုက်မှ နဂါးနီ အထူးထုတ်အဖြစ် ထုတ်ဝေခဲ့ခြင်းဖြစ်သည်။ မူရင်းဝတ္ထုမှာ R. Austin Freeman ၏ Dr. Thorndyke ဝတ္ထုပွား ဖြစ်သည်။ နဂါးနီစာအုပ်တိုက်က ထိုစာအုပ်ကို ထုတ်ဝေခြင်းနှင့်ပတ်သက်၍ (နဂါးနီ အာသီသ) ခေါင်းစဉ်တပ်၍ နဂါးနီစာအုပ် အသင်း တာဝန်ခံ စက္ကရီထေရီက ရေးသားခဲ့သည်။ ယင်းမှာ အောက်ပါအတိုင်း ဖြစ်သည်။

နဂါးနီသည် အများအားဖြင့် နိုင်ငံရေး စာအုပ်များကိုသာ ထုတ်ဝေခဲ့၏။ ဤသို့ ထုတ်ဝေခဲ့ရာ အချို့သော နဂါးနီ အသင်းသားများကလည်းကောင်း၊ မိတ်ဆွေများကလည်းကောင်း တစ်ခါတစ်ရံ နိုင်ငံရေးစာအုပ်သာ မဟုတ်မူဘဲ အကျိုးရှိမည့် စိတ်ဝင်စားဖွယ် စာအုပ်များကို ထုတ်ဝေရန် တိုက်တွန်းကြ၏။ စာအုပ်များ ရွေးချယ်ရာ၌ နဂါးနီသည် အထူးတာဝန်ကြီးလေးလှကြောင်း၊ အကြောင်းမူကား နဂါးနီသည် လူကြိုက်များသည့် သောင်းပြောင်းထွေရာ စာအုပ်တိုင်းကို (ဝါဒ) အရ ထုတ်ဝေခြင်း မပြုနိုင်ကြောင်းဟု ရေးသားချက်အရ နဂါးနီဝါဒကို သိရ၏။ ဤ စုံထောက်ဝတ္ထုကို နဂါးနီက ထုတ်ဝေပုံမှာ နဂါးနီစာအုပ်ရွေးချယ်ရေးမှူး သခင်နုက နိုင်ငံခြား စုံထောက်ဝတ္ထုများကို ယူ၍ အသင်းစက္ကရီထေရီမှ တဆင့် စာရေးကောင်းသူ ဆရာကြီး ရွှေဥဒေါင်းအ မှီး၍ ရေးခိုင်းခဲ့၏။ ဒုတိယတွဲကို မြို့ဟာခင်က ရေးခဲ့လေသည်။

(အနောက်နိုင်ငံမှာဆိုလျှင် စုံထောက်ဝတ္ထုတွေ၊ စုံထောက်လစဉ်မဂ္ဂဇင်းတွေဟာ အနမတဂ္ဂဘဲ ဗမာပြည်မှာတော့ စုံထောက်မဂ္ဂဇင်းရယ်လို့ သတ်သတ်မရှိဘူး။ စွန့်စားခြင်း၊ သတ္တိပြောင်ခြင်း၊ ဖြတ်ထိုးဉာဏ်ရှိခြင်း အဲဒီအချက်တွေကို ဗမာများ ခေါင်းထဲမှာ ထည့်ပေးဖို့ အများကြီးလိုတယ်၊ စုံထောက်ဝတ္ထုကောင်းတွေဟာ အဲဒီအချက်တွေကို အထောက်အပံ့ဖြစ်စေလိမ့်မယ်၊ အဲဒီတော့ ကျုပ် စိတ်ထင်ဖြင့် ဗမာပြည်မှာ စုံထောက်မဂ္ဂဇင်း သက်သက် ထုတ်ဝေရင် (ထုတ်ဝေသူရော စာဖတ်သူများပါ အကျိုးများလိမ့်မယ်) ဟု သခင်နုက အသင်းစက္ကရီထေရီအား ပြော၍ ရေးခိုင်း ထုတ်ဝေခဲ့လေသည်။ ဤဝတ္ထုကို ဆရာကြီးရွှေဥဒေါင်းသည် ၂ လတာ အချိန်ယူ၍ ရေးသားပေးခဲ့လေသည်။

ဓားပြဗိုလ်ကြီး ဗိုလ်မိုးသီးဝတ္ထုများကို ၁၉၃၀ ခုနှစ်တွင် ဒဂုန်မဂ္ဂဇင်း၌ ရေးသားခဲ့ခြင်း ဖြစ်သည်။ အမှီးဝတ္ထုလား ပင်ကိုယ်ရေးလား မသိရပေ။

ဒဂုံတင့်ဝတ္ထုမှာ စစ်ပြီးခေတ်၌ ပဒေသာမဂ္ဂဇင်းတွင် ရေးသားခဲ့ခြင်း ဖြစ်သည်။ ဆရာကြီး ရွှေဥဒေါင်းသည် (ဒဂုံတင့်ဝတ္ထု) များမှာ အင်္ဂလိပ်စာရေးဆရာ E. W Hornung ၏ A. J Raffles ကို မှီးရေးခဲ့ခြင်း ဖြစ်သည်။ A. J Raffles မှာ သူခိုးတစ်ယောက်ဖြစ်သော်လည်း ကိုယ့်အမျိုးသားချင်းထံမှ ခိုးယူခြင်းမဟုတ်ဘဲ မတရား စီးပွားရှာနေသော ဝိသမလောဘသားများထံမှ ပြန်လည်ခိုးယူပြီး ဒုက္ခရောက်နေသူများအား စွန့်ကြဲပေးကမ်းသည့် ဇာတ်ကောင်ဖြစ်သည်။ Raffles ဝတ္ထုများမှာ ရှားလော့ဟုန်း ဝတ္ထုများကဲ့သို့ ကမ္ဘာကျော်သည်။ ထို Raffles ဇာတ်ကောင်ကို ဆရာကြီး ရွှေဥဒေါင်းက (ဒဂုံတင့်) အမည်ဖြင့် ပြန်လည်ဖန်တီးခဲ့ခြင်း ဖြစ်သည်။

ဆရာကြီး ရွှေဥဒေါင်းသည် (သူတော်စိန်) ဝတ္ထုများကို စစ်ပြီးခေတ် ဒဂုန်မဂ္ဂဇင်းတွင် ရေးသားခဲ့ခြင်း ဖြစ်သည်။ သူတော်စိန်မှာ အင်္ဂလိပ်စာရေးဆရာကြီး Leslie Carteris ၏ The Saints ဝတ္ထုများကို မှီးရေးခဲ့ခြင်း ဖြစ်သည်။ The Saints ဝတ္ထုများတွင် အဓိကဇာတ်ကောင်မှာ Simon Tamplar ဖြစ်ပြီး မတရားမှုများ ကျူးလွန်နေသူ လူကြီးလူကောင်း၊ မသူတော်များကို ဥပဒေပြင်ပမှ ကိုယ်နည်းကိုယ့်ဟန်ဖြင့် The Saints အမည်ခံပြီး ရှင်းလင်းခဲ့သူဖြစ်သည်။ Simon Tamplar နှင့်အတူ ပူးတွဲလှုပ်ရှားသူမှာ ရည်စားသည် Patricia Holm ဖြစ်သည်။ (သူတော်စိန်) တွင်မူ ဆရာကြီးက ဘကျော်လှက သူတော်စိန်၏ လုပ်ဖော်ကိုင်ဖက် မိန်းကလေး ခင်ခင်စိန်နှင့် လှုပ်ရှားခဲ့သည်။

ဝတ္ထုဇာတ်လိုက်ဆိုသည်မှာ အကျင့်စာရိတ္တနေရာ၌ 'ခြောက်ပြစ်ကင်း သဲလဲစင်' ဖြစ်ရမည်ဟု အချို့က ယူဆခဲ့ကြသည်။ ထိုအယူအဆကို ဆရာကြီး ရွှေဥဒေါင်းက သဘောမတူ လက်မခံခဲ့ပေ။ ဆရာကြီးက သူတော်စိန်နှင့် ပတ်သက်၍ ချို့ယွင်းချက်ပါရှိသည်ဟု ဝန်ခံထားပြီး ထိုချို့ယွင်းချက်မှာ ညစ်ပတ်ယုတ်မာခြင်း မဟုတ်သည့်အပြင် သူ၏ စွန့်စားသည့် စိတ်နေသဘောထားသည် သူ၏ ချို့ယွင်းချက်ကို ပြေပျောက်စေနိုင်မည်ဟု ယူဆသဖြင့် သူတော်စိန်၏ အကျင့်စာရိတ္တကို စာဖတ်ပရိသတ်အား ရဲရဲကြီး တင်ပြလိုက်ရခြင်း ဖြစ်သည်ဟု ဆိုထားလေသည်။

ဆရာကြီး ရွှေဥဒေါင်းသည် ပင်တိုင်ဇာတ်ကောင်များ ရွေး၍ ဝတ္ထုများရေးသားခဲ့ရာ စုံထောက် မောင်စံရှား၊ ဂျာမဒါ ကိုကိုကြီးနှင့် ဇော်ဟိတ်တို့မှာ သီခြားထုတ်ဝေထားပြီး ဖြစ်သဖြင့် ကျန် ပင်တိုင်ဇာတ်ကောင်များဖြစ်သော ဒေါက်တာ သောင်းထိုက်၊ ဓားပြဗိုလ်ကြီး ဗိုလ်မိုးသီး၊ ဒဂုံတင့်နှင့် သူတော်စိန် တို့ကို တစ်စုတစ်ပေါင်းတည်း စုစည်း၍ ထုတ်ဝေလိုက်ခြင်း ဖြစ်သည်။

**မြင့်ဆွေဦး**